# မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အသက် (၆၀)ပြည့်နှစ် အထိမ်းအမှတ် မွေးနေ့ဆုတောင်း စာအုပ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ကိုရီးယားဌာနခွဲမှ တကမ္ဘာလုံးသို့ စတင်ဖြန့်ချီ

**2005/JUNE/17,NLD{LA}KOREA** **NEWS AND INFORMATION**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)ကိုရီးယားဌာနခွဲမှ စီစဉ်ထုတ်ဝေသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အသက် (၆၀)ပြည့်နှစ် အထိမ်းအမှတ် မွေးနေ့ ဆုတောင်း စာအုပ်ကို တကမ္ဘာလုံးသို့ စတင်ဖြန့်ချီသည့်အခမ်းအနားကို ၊ ယနေ့(၂၀၀၅) ခုနှစ်၊ဇွန်လ (၁၇)ရက်နေ့ ညနေ (၃)နာရီတိတိ အချိန်တွင် တောင်ကိုရီးယားနိုင်ငံ ဆိုလ်းမြို့ရှိ (Neutinamu Café) Seoul City, Jongno Gu, Anguk Dong 175-3, Anguk Building, New Hall, 2 Floor, တွင် ကျင်းပပြုလုပ်ခဲ့ပါသည် ။



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)ကိုရီးယားဌာနခွဲမှဥက္ကဌ ဦးအောင်မြင်ဆွေမှ အခမ်းအနားအဖွင့်စကားပြောကြားနေစဉ်

အဆိုပါအခမ်းအနားသို့ ကိုရီးယားနိုင်ငံရှိ မြန်မာ့ ဒီမိုကရေစီအရေး လှုပ်ရှားသည့် မြန်မာအဖွဲ့ အစည်းများ ၊စိတ်ပါဝင်စားသူများ ၊ ကိုရီးယားနိုင်ငံသား အစိုးရမဟုတ်သော NG0s အဖွဲ့ များ၊ အထူးဖိတ်ကြား ထားသည့် ဧည့်သည်တော်များ စုံလင်စွာတက်ရောက်အားပေးခဲ့ကြပါသည် ၊



**(The 60th birthday of a national heroine)** အမည်ရှိ ထိုစာအုပ်အတွင်း၌ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ရေးသားထားသည့်ဆောင်းပါးများ ၊ မိန့်ခွန်းကောက် နုတ်ချက်များ ဒေါ်အောင်ဆန်းစုကြည် ရရှိထားသည့် ဆု စာရင်းများ ၊ ဓာတ်ပုံများကို ဝေဆာစွာထည့်သွင်း ပုံနှိပ် ဖော်ပြထားပြီး မြန်မာ့ဒီမိုကရေစီ အရေးကို အားပေး ထောက်ခံနေသည့် တောင်ကိုရီးယား နိုင်ငံနှင့်နိုင်ငံတကာမှ ထင်ရှား ကျော်ကြားသည့် လက်ရှိ တိုင်းပြည် ခေါင်းဆောင်များ ၊ ဝန်ကြီးများ ၊ အမတ်များ ၊ နိုဘဲ(လ်)ဆုရှင်များ ၊ အနုပညာရှင်များ ၊ တတ်သိပညာရှင်များနှင့် ကမ္ဘာတဝှမ်းရှိ မြန်မာ့ဒီမိုကရေစီ အရေးကိုလှုပ်ရှားနေသည့် မြန်မာ့နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းများမှ မြန်မာဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အတွက် ပေးပို့သော မွေးနေ့ဆုတောင်းလွှာများ အပါအဝင် ၊ မြန်မာ့စာပေနှင့် အနုပညာရှင်များမှ ရေးသားသီကုံး ဂုဏ်ပြုစပ်ဆို ထားသည့် ကဗျာနှင့် ဆောင်းပါးများကို ရှာဖွေစုဆောင်းထားပြီး မြန်မာ အင်္ဂလိပ် ကိုရီးယား သုံးဘာသာဖြင့် ပုံနှိပ်ထားကာ စာမျက်နှာ ပေါင်း (၃၂၄)မျက်နှာပါရှိပါသည်။



နိုင်ငံတဝှမ်းလုံးသို့ ဖြန့်ချိမှုအပိုင်းတွင် စာအုပ်အတွင်းပါဝင်သည့် မြန်မာဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အတွက် အသက် (၆၀)ပြည့်နှစ် အထိမ်းအမှတ် မွေးနေ့ဆုတောင်းလွှာများ ၊ ကဗျာနှင့်ဆောင်းပါးများကို ပေးပို့သည့်ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းအသီးသီးထံသို့လိပ်မူ၍ စာတိုက်မှတဆင့်အခမဲ့ ပေးပို့သွားပြီး၊ သီးခြားအလိုရှိသူများအနေဖြင့် သက်ဆိုင်ရာနိုင်ငံအလိုက် စာပို့ခကိုသာပေးပို့ရန်လိုအပ်ပါသည်၊

ရန်နိုင်ထွန်း
ပြန်ကြားရေးတာဝန်ခံ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)ကိုရီးယား
Mobile:+82+11-9723-4773
Office:+82+32-656-6932
Mail:yannainghtun@yahoo.com